**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

**(၃၄)ရက်မြောက်နေ့မှတ်တမ်း**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

[သောကြာနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ရဲ့ (၃၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၉.၃၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြား တင်ပြပါမယ်။ဦးစတီဘင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေအစည်းအဝေး။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးရဲမြင့်၊ ပဲခူး(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအစည်းအဝေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ၎င်းအတိုင်း၊ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်၊ ၎င်းအတိုင်း၊ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်၊ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ၎င်းအတိုင်း၊ ဦးစံပြည့်၊ ကချင်(၇)၊ ၎င်းအတိုင်း၊ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ ၎င်းအတိုင်း၊ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကော်မတီအစည်းအဝေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဖွဲ့စည်းပုံအခြေခံဥပဒေအစည်းအဝေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ၎င်းအတိုင်း၊ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

### အရာတော်မြို့နယ်ရှိ ပြည်သူ့အားကစားကွင်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း

**အချိန်၊ ၁၀း၁၀။**

ယခု စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်က အရာတော်မြို့နယ်ရှိ ပြည်သူ့အားကစားကွင်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) အရာတော်၊ မုံရွာ၊ ဘုတလင် ကိုယ်စားပြု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းသွားမယ့်မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်ရှိ ပြည်သူ့အားကစားကွင်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ အရာတော်မြို့မှာရှိတဲ့ ပြည်သူ့အားကစားကွင်းဟာ မြို့ရဲ့အနောက်ဘက်မှာ တည်ရှိပြီးတော့၊ ဧရိယာ(၁၇)ဧကခန့် ကျယ်ဝန်းပြီးတော့ အလျား(၉၈၀)ပေ၊ အနံ(၇၈၀)ပေ ကျယ်ဝန်းပါတယ်။ ဒီအားကစားကွင်းဟာ ယခင်က အရှေ့နဲ့ မြောက်ဘက်တွေမှာ အုတ်တံတိုင်းများနဲ့ ကာရံထားခဲ့ပြီးတော့ အခုအခါမှာတော့ အဲဒီအုတ်တံတိုင်းတွေဟာ အချောသတ် ပြီးစီးအောင် လုပ်ကိုင်ခဲ့ခြင်းမရှိလို့ နေရာအတော်များများဟာ ပြိုကျပျက်စီးနေပါတယ်။ ဒါ့အပြင် ဘောလုံးကွင်းပေါ်မှာလည်း ယခင်ခေတ်က ရဟတ်ယာဉ်ကွင်းတစ်ခုကို အုတ်၊ ဘိလပ်မြေတို့နဲ့ အခိုင်အမာပြုလုပ်ထားကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ပွဲကြည့်စင်နဲ့ ရုံးခန်းအဆောက်အဦများတွေကလည်း အမိုးသွပ်များပြုတ်ထွက်ခြင်း၊ ထိုင်ခုံတန်းများ မရှိခြင်းတို့ကြောင့် အားကစားပွဲများမကျင်းပနိုင်ခြင်း၊ ရုံးလုပ်ငန်းများ မဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်နေပါတယ်။ ဒါ့အပြင် လူငယ်များအားကစားနဲ့ ဆွဲဆောင်ပြီးတော့ လမ်းမှားမရောက်အောင် ကျွန်တော်တို့ စည်းရုံးဆောင်ရွက်ဖို့အခြေအနေလည်း မရှိတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါ့အပြင် တစ်မျိုးသားလုံးရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးရေးအတွက် အားကစားနဲ့ မမြှင့်တင်ပေးနိုင်တဲ့ အကျိုးဆက်တွေလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။ နောက်ပြီးကျတော့ ဒီလိုအားကစားကွင်းက ဝင်းထရံမရှိတဲ့အတွက် လုံခြုံမှုမရှိလို့ ဒါလူအချို့က ဝင်ရောက်စားသောက်ပြီးတော့ ဒါကွင်းထဲမှာပဲ အရက်ပုလင်းတွေ ရိုက်ခွဲ၊ ဒီပုလင်းကွဲတွေနဲ့ ကျွန်တော်တို့ ဒါကွင်းဆင်းတဲ့အခါမှာ တွေ့ရှိရပါတယ်။ ဒါ့အပြင် လူငယ်တွေသဘာဝတွေ့ဆုံကြတဲ့အတွက်လည်း မလိုလားအပ်တဲ့ အကျိုးဆက်တွေ၊ အန္တရာယ်တွေလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဓာတ်ပုံ Slide Show တွေနဲ့ တင်ပြခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြိုကျနေတဲ့ ပွဲကြည့်စင် အုတ်တံတိုင်းတွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အဝင်မုဂ်ဦးဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ဒါ ရဟတ်ယာဉ်ကွင်းဖြစ်ပါတယ်။ ကွင်းထဲမှာ ဒါတည်ရှိနေတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပွဲကြည့်စင်ထိုင်ခုံတန်းတွေလည်းပြုတ်၊ အပေါ်က အမိုးတွေလည်းပြုတ်၊ ဒါ နောက်က နံရံမှာလည်း ပြုတ်နေပါတယ်။ ဒါကတော့ နောက်က ရုံးခန်းတွေ၊ ဒါအဝတ်အစားလဲခန်းတို့၊ ဒါဘာမှသူတို့ အကာအရံတွေ၊ ပြူတင်းပေါက်တွေဘာတွေ မရှိတဲ့အနေအထား ဖြစ်ပါတယ်။ ဒါက နောက်တစ်နေရာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒါမေးမြန်းသွားချင်တဲ့မေးခွန်းကတော့ အရာတော်မြို့နယ် တစ်ခုလုံး အားကစားဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရာတော်မြို့ အားကစားကွင်းရဲ့ (၁) အုတ်တံတိုင်းများ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ၊ (၂)ဘောလုံးကွင်းကိုလည်း ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ (၃) ပွဲကြည့်စင်နဲ့ ရုံးခန်း၊ အဝတ်အစားလဲခန်းတို့ကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိတို့ကို ပြည်သူများရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးဇော်ဝင်း၊ (ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဇော်ဝင်း ဖြစ်ပြီးတော့ အားကစားဝန်ကြီးဌာန ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာ ဝင်းမြင့်အောင် ရဲ့ အရာတော်မြို့နယ်မှာရှိတဲ့ အားကစားကွင်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အားကစားဝန်ကြီးဌာနအနေနဲ့ မြန်မာ့ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာမှာ မူဝါဒလမ်းစဉ်(၄)ရပ်ချမှတ်အကောင်အထည် ဖော်လျက်ရှိရာမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစား လှုပ်ရှားမှု များကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာနဲ့ ပါဝင်လှုပ်ရှားရေး Mass Sport ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာလည်းပဲ ဝန်ကြီးချုပ် ဖလား အားကစားပြိုင်ပွဲများနဲ့ ဒေသဆိုင်ရာ အားကစားပွဲများကို ပြီးခဲ့တဲ့ ဇွန်လကစပြီးတော့ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တို့မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက် ပေးလျက်ရှိတာကို တင်ပြလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ပါဝင်တဲ့ မုံရွာခရိုင်၊ အရာတော်မြို့နယ်မှာ အားကစားဖွံ့ဖြိုးတိုးတက်ရန်နဲ့ လူငယ်များအတွက် ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ အားကစားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကွင်းပြင်ဆင်ရေးလုပ်ငန်းကို စတင်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးရဲ့၊ အစိုးရအဖွဲ့ရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အားကစားကွင်း Inner Fencing ကာရံခြင်းလုပ်ငန်းကို ကျပ်သန်း (၉.၅)သန်းအား လျာထားခွင့်ပြုပြီးကြောင်း ဖြေကြားအပ် ပါတယ်။ ဒါ့အပြင် ဘောလုံးကွင်းပြုပြင်ခြင်း၊ ပွဲကြည့်စင်နဲ့ ရုံးခန်းများ ပြင်ဆင်ရေးအတွက် ခုနက Slide Show မှာ တင်ပြသွားတဲ့အတိုင်း ပျက်စီးမှုများကို ပြင်ဆင်နိုင်ရေးအတွက်ကတော့ ပထမအဆင့် အနေနဲ့ မြို့နယ်အားကစားနဲ့ ကာယပညာကော်မတီ ဆိုတာရှိပါတယ်။ ဒီအားကစားနဲ့ ကာယပညာ

ကော်မတီနဲ့ ပူးပေါင်းပြီးတော့ လိုအပ်တဲ့ ပြင်ဆင်မှုတွေအတွက် တင်ပြနိုင်ရေးအတွက်ကို ဆောင်ရွက်ဖို့ လိုအပ်သလို ကျွန်တော်တို့ အားကစားဝန်ကြီးဌာနအနေနဲ့လည်း ဒီအကြီးစားပြုပြင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ ဦးစားပေးမြို့နယ်အဆင့်ထဲမှာ ထည့်သွင်းပြီး ဘဏ္ဍာငွေ လျာထားထည့်သွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**၂၀၁၄ သန်းခေါင်စာရင်း ကောက်ယူမှုအပေါ်အခြေခံ၍ နိုင်ငံသားသက်ကြီးရွယ်အို ပြည်သူများနှင့် တောင်သူလယ်သမားများ(ဝန်ထမ်းပင်စင်စားများမပါ) အား ဆင်းရဲနွမ်းပါးမှုအစီအစဥ်တွင် ထည့်သွင်း ရေးဆွဲပြီး နိုင်ငံတော်မှ သက်ဆုံးတိုင် သင့်တင့်သောလစဥ်ထောက်ပံ့မှုပေးရန် အစီအစဥ်ရှိ၊ မရှိနှင့် စပ်လျဥ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး က ၂၀၁၄ သန်းခေါင်စာရင်း ကောက်ယူမှုအပေါ်အခြေခံ၍ နိုင်ငံသားသက်ကြီးရွယ်အို ပြည်သူများနှင့် တောင်သူ လယ်သမားများ(ဝန်ထမ်းပင်စင်စားများမပါ)အားဆင်းရဲနွမ်းပါးမှု အစီအစဥ်တွင် ထည့်သွင်းရေးဆွဲပြီး နိုင်ငံတော်မှ သက်ဆုံးတိုင် သင့်တင့်သော လစဥ်ထောက်ပံ့မှုပေးရန် အစီအစဥ် ရှိ၊ မရှိနှင့် စပ်လျဥ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကျန်းမာခြင်း သုခအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းအရှေ့ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဝန်ထမ်းမဟုတ်သော၊ ပင်စင်စားများ မပါဝင်သော နိုင်ငံသားသက်ကြီးရွယ်အိုပြည်သူများနှင့် တောင်သူ လယ်သမားများအား ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမှုအပေါ် အခြေခံ၍ ဆင်းရဲနွမ်းပါးမှု အစီအစဥ်တွင် ထည့်သွင်းရေးဆွဲပြီး နိုင်ငံတော်မှ သက်ဆုံးတိုင် သင့်တင့်သောလစဥ် ထောက်ပံ့မှုပေး နိုင်ခြင်း ရှိ၊ မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ဝန်ထမ်းများမှာ ပင်စင်လစာ လက်ခံရရှိပြီး အဆင်ပြေနေတာကို တွေ့ရှိနေရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာရေး မသင်ခဲ့ရတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများဟာ အသက်ကြီးလာသည် နှင့်အမျှ အခက်အခဲများစွာရှိနေတာကို အောက်ခြေအဆင့်မှာ များစွာတွေ့နေရပါတယ်။ ဥပမာ ကျွန်တော်နဲ့ အနီးစပ်ဆုံး ဆရာမတစ်ဦးရဲ့ ဘဝကတော့ သက်ကြီးမိဘနှစ်ပါးကို ကျွေးမွေးနေရတဲ့ အပြင် ညီငယ်၊ ညီမငယ် (၁၀)တန်းကျောင်းသူ၊ ကျောင်းသား(၂)ဦးကို ဆရာမလစာတစ်ခုတည်းနဲ့ ကျွေးမွေးထောက်ပံ့နေရပါတယ်။ အချိန်ကြာမြင့်လာတာနဲ့အမျှ ဒီဆရာမတစ်ဦးဟာ ငွေချေးယူမှုများ၊ လပေးစနစ်နဲ့ ပစ္စည်းယူ၊ အစားအသောက်ယူနေခြင်းတို့ကြောင့် လကုန်တဲ့အခါ ကြွေးဆပ်လို့ လစာကုန်တဲ့အပြင် ထပ်မံကြွေးတင်ခဲ့ရပါတယ်။ ပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့

လိုအပ်သလိုလေး သက်ကြီးရွယ်အိုများကို ထောက်ပံ့ပေးနိုင်မယ်ဆိုရင် အဆင်ပြေနိုင်မယ့်အနေနဲ့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် တိုင်းပြည်မှာရှိတဲ့ ဝန်ထမ်းများ လစာတိုးပေးနေခြင်း၊ ပင်စင်များတိုးပေးနေခြင်းတို့အပြင် တစ်ဖက်တစ်လမ်းမှ နိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုများအား သင့်တင့်သောထောက်ပံ့မှု၊ ကူညီမှု လစဥ်ထောက်ပံ့ပေးခြင်းကို နိုင်ငံတော်မှ တာဝန်ရှိသူများမှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဥ်မှာ မဖြစ်မနေရေးဆွဲပေးဖို့ အကြံပြုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၄-၂၀၀၅ ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်းဟာ ဆိုလို့ရှိရင် (၃၂) ရာခိုင်နှုန်း၊ ၂၀၀၉-၂၀၁၀ မှာ (၂၆.၄)ရာခိုင်နှုန်း လျှော့ကျသွားပါတယ်။ ၂၀၁၄ မှာဆိုလို့ရှိရင် နိုဝင်ဘာလမှာ သိရမယ်လို့လည်း ကျွန်တော့်အနေနဲ့ သိရှိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ အဆင်းရဲဆုံး စာရင်းတွေမှာ နံပါတ်(၁၂)အဆင့်မှာရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့၊ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဝန်ထမ်းမဟုတ်သော ပင်စင်စားများ မပါဝင် သော နိုင်ငံသား သက်ကြီးရွယ်အိုပြည်သူများနဲ့ တောင်သူလယ်သမားများအား ၂၀၁၄ သန်းခေါင်စာရင်း ကောက်ယူမှုအပေါ် အခြေခံ၍ ဆင်းရဲနွမ်းပါးမှုအစီအစဥ်တွင် ထည့်သွင်း ရေးဆွဲပြီး နိုင်ငံတော်မှ သက်ဆုံးတိုင် သင့်တင့်သော လစဥ်ထောက်ပံ့ပေးနိုင်မှု ရှိ၊ မရှိဆိုတာကို သိရှိလို၍ မေးမြန်းလိုခြင်းဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဒေါ်စုစုလှိုင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ ပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်ဦး မေးမြန်းထားရှိတဲ့ ဝန်ထမ်းမဟုတ်သော၊ ဝန်ထမ်းပင်စင်စားများမပါဝင်သော နိုင်ငံသား သက်ကြီးရွယ်အိုပြည်သူများနှင့် တောင်သူလယ်သမားများအား ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမှုအပေါ်အခြေခံ၍ ဆင်းရဲနွမ်းပါးမှုအစီအစဥ်တွင် ထည့်သွင်းရေးဆွဲပြီး နိုင်ငံတော်မှ သက်ဆုံးတိုင် သင့်တင့်သော လစဥ်ထောက်ပံ့မှုပေးနိုင်ခြင်း အစီအစဥ် ရှိ၊ မရှိနှင့် စပ်လျဥ်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့ရဲ့ ပေါင်းစပ်ဖြေကြားချက်အား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အနေဖြင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်းရဲ့ တတိယလုပ်ငန်းစဉ်ဖြစ်တဲ့ စာရင်းဇယား ဆန်းစစ်ခြင်း ဆောင်ရွက်လျက်ရှိရာမှာ စာရင်းဇယားပြုစုခြင်းလုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ တွင် အပြီးဆောင်ရွက်နိုင်ရန် ခန့်မှန်းထားပြီး ဆန်းစစ်လေ့လာခြင်းနှင့် အခြေခံလူဦးရေ စာရင်းများ ထုတ်ပြန်ခြင်းကို ၂၀၁၅ ခုနှစ်၊ ပထမ(၄)လပတ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ စာရင်း အပေါ် အခြေခံပြီး နိုင်ငံသားသက်ကြီးရွယ်အို ပြည်သူများစာရင်းအား တွက်ချက်နိုင်မှာ ဖြစ်ပါတယ်။ တောင်သူလယ်သမား စာရင်းများကို ပြုစုထုတ်ပြန်နိုင်ရန်အတွက် အလုပ်အကိုင်နဲ့ လုပ်ငန်း အမျိုးအစားအလိုက် ကောက်ယူရရှိတဲ့ အချက်အလက်များကို နိုင်ငံတကာတွင် စံထားအသုံးပြုတဲ့ အလုပ်အကိုင်နဲ့ လုပ်ငန်းအမျိုးအစားအလိုက် ဂဏန်းသင်္ကေတစာရင်းနှင့် ပြန်လည်သတ်မှတ်နိုင်ရန် လိုအပ်တဲ့အတွက် အဆိုပါလုပ်ငန်းအား ၂၀၁၅ ခုနှစ် ပထမ(၄)လပတ်အတွင်း အခြေခံစာရင်း ဇယား များထုတ်ပြန်ကြေညာပြီးချိန်မှသာ ဒုတိယအဆင့် ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်ဖြစ်လို့ တောင်သူ လယ်သမားစာရင်းကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အစောဆုံး ထုတ်ပြန်နိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ သက်ကြီးရွယ်အိုများအား စောင့်ရှောက်မှုပေးရာမှာ ရိပ်သာအခြေပြု စောင့်ရှောက်ရေးလုပ်ငန်းအဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားတဲ့ ဘိုးဘွားရိပ်သာ(၇၁)ခုကို အသိအမှတ်ပြုပြီး ပထမအဆင့်တွင် တစ်ဦးတစ်နှစ်လျှင် ဆန်ဖိုးငွေကျပ် သုံးသောင်း၊ ဒုတိယအဆင့်တွင် ဆန်ဖိုးငွေအပြင် စားစရိတ် သုံးသောင်းနှင့် ဝတ်စရိတ် တစ်သောင်း သုံးထောင်၊ တတိယအဆင့်တွင် ဆန်ဖိုးငွေ၊ စားစရိတ်၊ ဝတ်စရိတ်အပြင် ဂေဟာမှူးလစာ တစ်နှစ်လျှင် သုံးသိန်းခြောက်သောင်းကို ထောက်ပံ့ပေးလျက်ရှိပါတယ်။ ရပ်ရွာအခြေပြုသက်ကြီးရွယ်အို စောင့် ရှောက်ရေးလုပ်ငန်းအဖြစ် ၂၀၀၄ ခုနှစ်မှစ၍ နိုင်ငံတကာစောင့်ရှောက်မှု နည်းလမ်းများဖြစ်သော စေတနာ့ဝန်ထမ်း အခြေခံ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းနှင့် အသက် အရွယ်ကြီးမြင့်ပြီး လုပ်ကိုင်နိုင်စွမ်းရှိတဲ့ သက်ကြီးရွယ်အိုများအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖွဲ့စည်းဆောင်ရွက် လျက်ရှိပါတယ်။

အိုမင်းမစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရေးနဲ့ ပတ်သက်ပြီး နိုင်ငံတော်မှာ သက်ကြီး ရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် အမှတ်(၆၄) ကမ္ဘာအေး စေတီလမ်းနှင့် ပါရမီလမ်းထောင့်၌ ၂၀-၁၁-၂၀၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အသက် (၇၀)နှင့် အထက် သက်ကြီးရွယ်အိုများကို လက်ခံစောင့်ရှောက်ပေးလျက်ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီး ဌာနဟာ နိုင်ငံတော်ရဲ့ သက်ကြီးရွယ်အိုဆိုင်ရာ မူဝါဒလုပ်ငန်းအစီအစဉ်များ ချမှတ်ရာတွင် အထောက်အကူ ရရှိစေရန်နှင့် နှစ်စဉ်တိုးပွားလာသော သက်ကြီးရွယ်အိုများအား စောင့်ရှောက်မှုပေးနိုင်ရန်အတွက် သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်း၊ လုပ်ငန်းစီမံကိန်းကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အိုမင်းမစွမ်း သက်ကြီးရွယ်အိုများနှင့် မိသားစုအထောက်အပံ့မရရှိသော သက်ကြီးရွယ်အို ဘိုးဘွားများအတွက် လူမှုရေးအကူအညီ ထောက်ပံ့ပေးအပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် အမျိုးသား စီမံကိန်း ဥပဒေကြမ်းအရ တွက်ချက်တင်ပြခဲ့သော်လည်း ဘဏ္ဍာငွေခွဲဝေချထားပေးခြင်း မရှိပါသဖြင့် ဝန်ထမ်းမဟုတ်သော၊ ပင်စင်စားများ မပါဝင်သော နိုင်ငံသားသက်ကြီးရွယ်အို ပြည်သူများနှင့် တောင်သူလယ်သမားများကို နိုင်ငံတော်မှ သက်ဆုံးတိုင် သင့်တင့်တဲ့ လစဉ်ထောက်ပံ့ရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းချက် ဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးမေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်က ကလေးဝမြို့နယ်၊ သစ်ချောက်ကျေးရွာရှိ သတ္တုတွင်းဝန်ကြီးဌာနပိုင် ဆေးရုံဟောင်းနှင့် မြေနေရာအား ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ရန်အတွက် စွန့်လွှတ်ပေးနိုင်ခြင်း ရှိ၊ မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ကလေးဝမြို့နယ်၊ သစ်ချောက်ကျေးရွာရှိ သတ္တုတွင်းဝန်ကြီးဌာနပိုင် ဆေးရုံဟောင်းနှင့် မြေနေရာအား ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ရန်အတွက် စွန့်လွှတ်ပေးနိုင်ခြင်း ရှိ၊ မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမြန်းမယ့် မေးခွန်းကတော့ ကလေးဝမြို့နယ်၊ သစ်ချောက်ကျေးရွာရှိ သတ္တုတွင်းဝန်ကြီးဌာနပိုင် ဆေးရုံဟောင်းနဲ့ မြေနေရာအား ကျေးရွာ ပြည်သူများအကျိုးအတွက် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ရန် စွန့်လွှတ်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ကလေးဝမြို့နယ်၊ သစ်ချောက်ကျေးရွာဟာ ကျွန်တော်တို့ ကျောက်မီးသွေး ဗမာပြည်မှာတော့ အရည်အသွေးမြင့်မားတဲ့ ကျောက်မီးသွေးထွက်ရှိတဲ့ နေရာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီ ကျေးရွာဟာ ကျေးရွာတစ်ရွာလုံးလိုလို သတ္တုတွင်းဝန်ကြီးဌာနပိုင်မြေတွေ ဖြစ်ခဲ့ပါတယ်။ ယခင်က သတ္တုတွင်းဝန်ကြီးဌာနဟာ ဒီနေရာမှာ ကျွန်တော်တို့ ကျောက်မီးသွေး တူးခဲ့စဉ်ကတော့ ဌာနပိုင် ဆေးရုံတစ်ခု ရှိခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ခဲ့တဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ကျွန်တော်တို့ ကျောက်မီးသွေး တူးဖော်မှုလုပ်ငန်းကို ပုဂ္ဂလိကကို လွှဲပြောင်းပေး လိုက်တဲ့အခါမှာ ဒီ ဌာနပိုင်ဆေးရုံပါ ပြောင်းရွှေ့သွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျေးရွာမှာ

ကျန်းမာရေး စောင့်ရှောက်မှု လုံးဝမရှိတဲ့အတွက် ကျွန်တော်က ဆဋ္ဌမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေး မှာ ဒါကိုတင်ပြတဲ့အခါမှာ ကျေးလက်ကျန်းမာရေးဌာနကို Session ချပေးခဲ့ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ဆက်လက်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာလည်း ကျွန်တော်တို့ ရန်ပုံငွေသိန်း(၃၀၀)နဲ့ ဆေးရုံဆောက်ဖို့ဆိုပြီး ချပေးခဲ့ပါတယ်။ သို့သော်လည်း ဒီကျေးရွာမှာ ဆေးရုံ ဆောက်ဖို့အတွက် မြေနေရာမရှိပါဘူး။ ကျွန်တော် စောစောက ပြောတဲ့အတိုင်းပဲ ဒီကျေးရွာလေးဟာ ကျွန်တော်တို့ ကျောက်မီးသွေးထွက်တဲ့ဒေသ ဖြစ်သော်လည်းပဲ တောင်ကြား ရွာလေး ဖြစ်တဲ့အတွက် သူ့မှာ မြေနေရာ မရှိတဲ့အတွက် ပေးကားပေး၏ မရဆိုသလို ကျေးလက်ကျန်းမာရေးဌာနလည်း ရတယ်။ ရန်ပုံငွေကလည်း ရတယ်။ ဒါပေမဲ့ ဆောက်လုပ်စရာ မြေကမရှိ ဖြစ်နေတဲ့အတွက် ဒါ ရန်ပုံငွေဆုံးရှုံးရမယ့်သဘော ဖြစ်နေတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့ ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနဟာ ဒီသူ့ရဲ့ ဆေးရုံဟောင်းရဲ့ မြေနေရာဟာ ဘာမှလည်း အသုံးမချတော့ပါဘူး။ ဒါကျေးရွာအတွက်ကတော့ အင်မတန် အဖိုးတန်တဲ့ မြေနေရာလေး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒါနဲ့ပတ်သတ်ပြီး ကလေးဝမြို့နယ်၊ သစ်ခြောက်ကျေးရွာရှိ သတ္တုတွင်းဝန်ကြီး ဌာနပိုင် ဆေးရုံဟောင်းနဲ့ မြေနေရာအား ကျေးရွာပြည်သူများအကျိုးအတွက် ကျေးလက်ကျန်းမာရေး ဌာန ဖွင့်လှစ်ရန် စွန့်လွှတ်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မာန်အောင်မြို့နယ်၊ ကျီးညိုကျေးရွာတွင် ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က မာန်အောင်မြို့နယ်၊ ကျီးညိုကျေးရွာတွင် ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ကျွန်တော် ဦးအုန်းတင် က ရိုသေ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ မာန်အောင်မြို့နယ်၊ ကျီးညိုကျေးရွာအုပ်စု ကျီးညို ကျေးရွာတွင် ကျန်းမာရေး ဌာနခွဲ(၁)ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မာန်အောင်မြို့နယ်၊ ကျီးညိုကျေးရွာအုပ်စု ၊ ကျီးညိုကျေးရွာဟာ မာန်အောင်မြို့ရဲ့ အနောက်တောင်ဘက် (၅) မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ မြောက်ဘက်မှာ မဲဆိပ်ပင်ကျေးရွာ အုပ်စုနဲ့ တောင်ဘက်တွင် ပန်းပဲကျေးရွာအုပ်စုတို့ တည်ရှိကြပါတယ်။ ကျီးညိုကျေးရွာဟာ အိမ်ခြေ

(၁၂၀) ရှိပြီး လူဦးရေ (၄၄၄)ဦးရှိတဲ့ ရွာကြီးတစ်ရွာဖြစ်ပါတယ်။ ကျီးညိုပင်ကျေးရွာဟာ မြောက်ဘက် မဲဆိပ်ပင်ကျေးရွာအုပ်စု မဲဆိပ်ပင်ကျေးရွာနဲ့ တစ်မိုင်ခွဲခန့်ကွာဝေးပြီး တောင်ဘက် ပန်းပဲကျေးရွာ အုပ်စု ကျောက်တန်းကျေးရွာနဲ့ (၅)မိုင်ခန့် ကွာဝေးပါသည်။ မင်းဆိပ်ပင်ကျေးရွာနဲ့ ကျောက်တန်း ကျေးရွာတို့တွင် ကျန်းမာရေးဌာနခွဲများ ရှိကြပါတယ်။ ကျီးညိုအုပ်စု၊ ကျောက်တန်းကျေးရွာ ကျန်းမာရေးဌာန၏ ကျီးညိုကျေးရွာအုပ်စုသည် ကျောက်တန်းကျေးရွာ ကျန်းမာရေးဌာန၏အပိုင် လက်အောက်ခံဖြစ်သော်လည်း လက်တွေ့အားဖြင့် မင်းဆိပ်ပင်ကျန်းမာရေးဌာနမှ တာဝန်ယူထား ပါသည်။ ယခင်က သားဖွားဆရာမ တစ်ဦးကို အမြဲတမ်း တာဝန်ချထားပေးခဲ့သော်လည်း နှစ်အတော် ကြာကပင် တာဝန်ချထားပေးခြင်း မရှိတော့သည့်အတွက် ကျေးရွာသူ/ကျေးရွာသားများမှာ ကျန်းမာရေးနှင့်ပတ်သတ်၍ အရေးပေါ်ကိစ္စများ ပေါ်ပေါက်လာသည့်အခါ မလိုလားအပ်သော အသက်ဆုံးရှုံးမှုများ ရှိကြောင်း ကျေးရွာသူ/ကျေးရွာသားများ တောင်းဆိုကြပါတယ်။

မာန်အောင်မြို့နယ်ဟာ ရခိုင်ပြည်နယ်အလယ်ပိုင်း အနောက်ဘက် ဘင်္ဂလားပင်လယ်အော် အတွင်းမှာ တည်ရှိတဲ့ ကျွန်းလွတ်တစ်ကျွန်းပေါ်ရှိ မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေးကအစ အခက်အခဲများစွာနှင့် ရင်ဆိုင်နေရသော မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ မာန်အောင်မြို့နယ်ဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၈-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၁၃ / ၂၀၁၃ ဖြင့် ထုတ်ပြန်သော ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများစာရင်းတွင် ပါရှိသော မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ ဒီလိုဝေးလံ ခေါင်သီ၍ လူမှုရေးခက်ခဲတဲ့ ဒေသများမှာရှိတဲ့ ပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး နဲ့ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အထူးဦးစားပေး လုပ်ဆောင်ရန် နိုင်ငံတော်မှာ တာဝန်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးခွန်း မေးမြန်းလိုတာကတော့ (၁) မာန်အောင်မြို့နယ် ၊ ကျီးညိုကျေးရွာအုပ်စု ၊ ကျီးညို ကျေးရွာတွင် ကျန်းမာရေးဌာနခွဲ တစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ (၂) ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးပါမည်နည်း (၃) ဖွင့်လှစ်မပေးနိုင်ပါက အဘယ်ကြောင့်ပါနည်း။ ကျေးဇူးတင်ပါတယ်အားလုံး။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးခွန်းကိုကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားမိမိမှ ပြန်လည်ရှင်းလင်းတင်ပြသွားပါမယ်။ စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရအဖွဲ့မှ ၇-၄-၂၀၁၄ ရက်စွဲဖြင့်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ သစ်ခြောက်ကျေးရွာရှိ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ ထူးအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစုကုမ္ပဏီသို့ (၁၀) နှစ်သက်တမ်းရှိ ကျောက်မီးသွေး အကြီးစားတူးဖော်ခွင့်ကို ခွင့်ပြုထားသည့်ဧရိယာ (၆၀၀၅.၁၆၃) ဧကမှာ ယခင် ကလေးဝ ကျောက်မီးသွေး သတ္တုတွင်း ဆေးရုံ ၊ ဆေးရုံအဆောက်အဦ၊ ဆေးပေးခန်း ၊ ဆရာဝန်နေအိမ်၊ သူနာပြုနေအိမ် အပါအဝင် မြေဧရိယာ (၁.၂၈)ဧကအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် လွှဲပြောင်း ရယူနိုင်ရေးအတွက် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှလည်း ၂၂-၄-၂၀၁၄ ရက်စွဲပါ စာဖြင့် သတ္တုတွင်းဝန်ကြီးဌာနသို့ သဘောထား အကြောင်းပြန်ကြားပေးရန် ညွှန်ကြားခဲ့ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာန မှ ၆-၅-၂၀၁၄ ရက်စွဲဖြင့် တင်ပြပါ သတ္တုတွင်း ဆေးရုံ၊ ဆေးရုံအဆောက်အဦ၊ ဆေးပေးခန်း ၊ ဆရာဝန် နေအိမ် ၊ သူနာပြုနေအိမ် အပါအဝင် မြေဧရိယာ (၁.၂၈)ဧကသို့ ကျန်းမာရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်း ဒေသကြီး ကျန်းမာရေးတိုင်းဦးစီးသို့ လွှဲပေးနိုင်ပါကြောင်း ပြန်ကြားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၏ ၇-၅-၂၀၁၄ ရက်စွဲဖြင့် လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ရန် ညွှန်ကြားချက် ရရှိပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ သစ်ချောက်ကျေးရွာရှိ သတ္တုတွင်း ဝန်ကြီးဌာနပိုင် ဆေးရုံအဆောက်အဦအပါအဝင် ပစ္စည်း(၁၅)မျိုးနှင့် မြေဧရိယာ (၁.၂၈)ဧကအား သတ္တုတွင်းဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ရာ ၅-၆-၂၀၁၄ ရက်နေ့တွင် လွှဲပြောင်းရယူခဲ့ပြီး ဖြစ်ပါကြောင်း ပြန်လည် ရှင်းလင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်း ဖြစ်တဲ့ ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းအား ကျွန်တော့်အနေဖြင့် ဆက်လက်တင်ပြ ဖြေကြားသွားပါမယ်။ ရခိုင်ပြည်နယ်၊ မြန်အောင်မြို့နယ်၊ ကျီးညိုကျေးရွာတွင် ကျောက်တန်းကျေးလက် ကျန်းမာရေးဌာန၊ မင်းပြင်ကျေးလက်ကျန်းမာရေးဌာနခွဲ လက်အောက်တွင် ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ မင်းပြင်ကျေးလက်ကျန်းမာရေးဌာနခွဲတွင် မင်းပြင်၊ မင်းဆိပ်ပြင် ၊ မင်းပြင်ရွာသစ် ၊ ကျီးညိုကျေးရွာ တို့ရှိပြီး သားဖွားဆရာမ တစ်ဦးအားလည်း ခန့်ထားပြီး ဖြစ်ပါတယ်။ တင်ပြပါ ကျီးညို ကျေးရွာသည် မင်းပြင်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် တစ်မိုင်ခန့်ဝေးပြီး ခြေလျင်ခရီးသွားနိုင်ပါ သဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးပါရန် မလိုအပ်သေးပါကြောင်း ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

**လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် နိုင်ငံတစ်ဝန်း တိုင်း ဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများနှင့် ပြည်ထောင်စုနယ်မြေရှိ သတ်မှတ်လျာ ထားသော မြို့နယ်အားလုံး၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအားလုံးရှိ စာရင်းကောက်ကွက်အားလုံး လွှမ်းခြုံ အောင် ကောက်ခံနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများနှင့် ပြည်ထောင်စုနယ်မြေရှိ သတ်မှတ်

လျာထားသော မြို့နယ်အားလုံး၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအားလုံးရှိ စာရင်းကောက်ကွက်အားလုံး လွှမ်းခြုံအောင် ကောက်ခံနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအားအမှူးထား၍ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ကော်မရှင်အဖွဲ့ဝင်များအားလုံးကို ကျွန်တော် လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် မဲဆန္ဒနယ်အမှတ်(၆) ဧရာဝတီ တိုင်းဒေသကြီးက ဦးခင်မောင်ရီ အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ သန်းခေါင်စာရင်းနဲ့ပတ်သတ်တဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ ၂၀၁၄ မတ်လ ၃၀ ရက်နေ့ကနေ ဧပြီလ ၁၀ ရက်နေ့အထိ ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှာ လူဦးရေနှင့်အိမ်အကြောင်းဆိုင်ရာ သန်းခေါင်စာရင်း ကောက်ယူမှု လုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရဲ့ ပြည့်စုံတဲ့အစီအမံ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများရဲ့ ပံ့ပိုးမှု၊ စာရင်းကောက် စာရင်းကိုင် ဆရာ/ဆရာမများ ၊ ပညာရေး ဝန်ထမ်းများရဲ့ တက်ကြွသောလုပ်အား ၊ ဒေသဆိုင်ရာတို့ရဲ့ ပံ့ပိုးပါဝင်မှုနဲ့ အောင်မြင်အောင် ကောက်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဂုဏ်ယူဝမ်းမြောက်ပါတယ်။ လုပ်ငန်းထုထည်ပမာဏ ကြီးမားမှုန်းလည်း ကျွန်တော်တို့ နားလည်ပါတယ်။ ဒါပေမဲ့ ဒီသန်းခေါင်စာရင်းကောက်ယူခြင်းကိစ္စမှာ လောလောဆယ် လူအများစိတ်ဝင်စားနေတဲ့ ကိစ္စဖြစ်ပြီးတော့ အခြေခံဥပဒေနဲ့လည်း ပတ်သက်နေတဲ့ ကိစ္စ ဒါကို ကျွန်တော်က လူအများရဲ့ဆန္ဒအရ မေးခြင်းဖြစ်ပါတယ်။ ဥပမာအားဖြင့် ပုဒ်မ ၅၃လို နယ်နိမိတ် ပြင်ဆင်တဲ့ကိစ္စတွေ ကိုယ်ပိုင်အုပ်ချုပ်မှု စီရင်စု သတ်မှတ်တဲ့ကိစ္စတွေ၊ သင့်လျော်သော အရေအတွက်ရှိတဲ့ ပြည်ထောင်စုလူဦးရေရဲ့ (၀.၁) ရာခိုင်နှုန်းဆိုတဲ့ ပြဋ္ဌာန်းချက်တွေနဲ့ ပတ်သတ်နေတဲ့ အတွက်ကြောင့် ဒီဟာကို ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော် အောက်ပါ မေးခွန်း (၅) ခုကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းခွင့်ပြုပါ။ (က) နိုင်ငံတော်တစ်ဝန်းတိုင်းဒေသကြီးနဲ့ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများနဲ့ ပြည်ထောင်စု နယ်မြေများမှာရှိတဲ့ သတ်မှတ်ထားတဲ့ မြို့နယ် အားလုံး၊ ရပ်ကွက်ကျေးရွာအားလုံးမှာ သတ်မှတ်ထားတဲ့ ကောက်ကွက်အတိုင်း လွှမ်းခြုံအောင် ကောက်ခံနိုင်ခဲ့ခြင်း ရှိ/မရှိ ၊ မရှိလို့ရှိရင်လည်း ကျန်နေတဲ့ ဒေသများနဲ့ပတ်သက်လို့ ပထမမေးခွန်း ဖြစ်ပါတယ်။

(ခ) ဒုတိယမေးခွန်းကတော့ အဲဒီလို ကောက်ကွက်တွေ ကျန်တဲ့ကိစ္စတွေနဲ့ ပတ်သက်လို့ အကြောင်းရင်းကိုကျွန်တော်တို့ တင်ပြပေးစေချင်ပါတယ်။ (ဂ) ကတော့ ပြည်ထောင်စုချုပ်လူဦးရေ အမှန်ရဖို့ဆိုရင် အဲဒီလို ကျန်နေတဲ့စာရင်းကောက်ကွက်တွေနဲ့ ပတ်သတ်လို့ ဘယ်လို ဆက်လက် ဆောင်ရွက်နိုင်သလဲ ဆိုတာ သိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။ (ဃ)ကတော့ လက်ရှိကောက်ယူထားတဲ့ ယခင် code သွင်းထားတဲ့ ပြည်ထောင်စု တိုင်းရင်းသားများနဲ့ ပတ်သတ်တဲ့ တိုင်းရင်းသားလူမျိုးစုတွေ မျိုးနွယ်စုတွေရဲ့ အမည်တွေနဲ့ လူဦးရေတွေ အပြောင်းအလဲများ ရှိပါသလား။ ရှိ/မရှိ ဒါလေး ဖော်ပြစေချင်တဲ့ မေးခွန်း ဖြစ်ပါတယ်။ (င)ကတော့ အခု ကောက်ယူမှုကို ပြီးပြည့်စုံပြီလို့ ယူဆပြီးတဲ့နောက် လူဦးရေနှင့်တိုင်းရင်းသား လူမျိုးကြီး (၈)ခု နောက်ပြီးတော့ မျိုးနွယ်စုများနဲ့ ပတ်သက်တဲ့ အရေအတွက်တွေ အမည်စာရင်းတွေနဲ့ ပတ်သက်တဲ့ ရှေ့ပြေးအစီရင်ခံစာသဘောနဲ့

သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်ပါရန်အတွက် အများပြည်သူအကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီးများ ဧည့်သည်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဧရာဝတီတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီရဲ့ ကြယ်ပွင့်ပြ မေးခွန်း (၅)ခု မေးမြန်းခြင်းနဲ့ ပတ်သက်ပြီးတော့မှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ပြန်လည် ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်ခင်ဗျား။

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းဆိုင်ရာ သန်းခေါင်စာရင်းကို ကျွန်တော်တို့ အဆင့်(၄)ဆင့်ဖြင့် ဆောင်ရွက် ခဲ့ရာမှာ ဒုတိယအဆင့်ဖြစ်တဲ့ မြေပြင်ကွင်းဆင်းကောက်ယူရာမှာ ၂၀၁၄ ခုနှစ် ၊ မတ်လ ၃၀ ရက် ကနေပြီးတော့မှ ဧပြီလ ၁၀ ရက်နေ့ထိ ၁၂ ရက်ကြာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းမှာ စာရင်းကောက်ကွက်ပေါင်း (၈၁၀၀၀)ခန့်ရှိပြီးတော့မှ စာရင်းကောက်ပေါင်း (၉၀၀၀၀)နဲ့ စာရင်းစစ်ပေါင်း (၂၅၀၀၀) ခန့်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ စာရင်း ကောက်ယူရာမှာ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီး/ပြည်နယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသ အတွင်းရှိ သန်းခေါင်စာရင်း ကောက်ကွက် အားလုံးနီးပါး စာရင်းကောက်ခံနိုင်ခဲ့ခြင်း ရှိတဲ့အပြင် ယခုနှစ် သန်းခေါင်စာရင်းရဲ့ ထူးခြားချက်မှာ ယခင်အစဉ်အဆက် အကြောင်း အမျိုးမျိုးကြောင့် စာရင်း မကောက်ယူနိုင်ခဲ့တဲ့ ဝဒေသ၊ ကိုးကန့်ဒေသစသည်တို့အပြင် ကချင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ တပ်စွဲထားသော နေရာများမှအပ ကျန် ကရင်၊ မွန်၊ ပအိုဝ်၊ ရှမ်း ၊ ကယားအစရှိတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ လှုပ်ရှားရာနယ်မြေနဲ့ တပ်ဖွဲ့ဝင်များကိုပင် တိုင်းရင်းသား ညီအစ်ကိုများ၏ အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်မှုကြောင့် ကွက်ပြည့်နင်း စာရင်းကောက်ယူ နိုင်ခဲ့ပါတယ်။ တင်ပြပြီး ဖြစ်တဲ့အတိုင်းပါပဲ။ ကချင်ပြည်နယ် နေရာဒေသအချို့မှာ စာရင်းကောက်ယူနိုင်ခဲ့ခြင်း မရှိခဲ့ဘဲ ရခိုင်ပြည်နယ်မှာရှိကြတဲ့ ဘင်္ဂါလီ လူမျိုးစု နေရာတစ်ချို့နဲ့ သတ်မှတ်လူဦးရေ၊ သတ်မှတ်လူမျိုးအမည် ဖြေကြားမှုမရှိတဲ့အတွက်ကြောင့် ကောက်ယူမှု မပြုနိုင် ခဲ့တဲ့အတွက် နယ်မြေတစ်ချို့လည်း ကျန်ရှိခဲ့ပါတယ်။ ကချင်ပြည်နယ်မှာ ကျေးရွာပေါင်း (၂၇၀၀)ကျော် ရှိတဲ့အနက် ကျေးရွာ (၉၇) ရွာပါ ကျေးရွာအုပ်စု (၂၅)စုဟာ ကောက်ယူမှု မပြုနိုင်ဘဲ ကျန်ရှိခဲ့ပါတယ်။ ရခိုင်ပြည်နယ်မှာ ခရိုင် (၅) ခရိုင်ရှိသည့်အနက် စစ်တွေ၊ မြောက်ဦးနဲ့ မောင်တောခရိုင်တို့မှာရှိကြတဲ့ ဘင်္ဂါလီလူမျိုးများမှ နိုင်ငံတော်မှ လက်ခံထားခြင်းမရှိသော လူမျိုးအမည်များအား အတင်းအကြပ်

ဖြည့်သွင်းပေးရန် တောင်းဆိုမှုကြောင့် ကောက်ယူနိုင်ခြင်း မရှိကြောင်း တင်ပြအပ်ပါတယ်။ ၎င်း နယ်မြေ(၂)ခုကို စာရင်းကောက်ယူနိုင်ရန်အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုကို ဆက်လက် တင်ပြပါမယ်။ ကချင်ပြည်နယ်မှာ ကချင်တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များထံ စာဖြင့် ဆက်သွယ်အကြောင်းကြားခြင်း လူကိုယ်တိုင်တွေ့ဆုံဆွေးနွေးရှင်းလင်းခြင်း၊ အာမခံချက်များ ပေးလျက် ဆောင်ရွက်ခြင်း ၊ Peace Talk Creation Group ကဲ့သို့သော ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့များမှ ညှိနှိုင်းခြင်း၊ ကချင်တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်များထံ အကူအညီ တောင်းခံခြင်း၊ ဆောင်ရွက်ခြင်းများ အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ မြေပြင်ကွင်းဆင်းကောက်ယူမှု၏ ကာလဖြစ်သည့် နောက်ဆုံးရက်ဖြစ်သော ၂၀၁၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့ ပြီးစီးချိန်တွင်လည်းပဲ ဆက်လက်ဆောင်ရွက်လိုသဖြင့် သန်းခေါင်စာရင်းလုပ်ထုံး လုပ်နည်းနှင့် အညီ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အကြံပြုချက်အရ ထပ်တိုးကောက်ယူနိုင်သည့် ကာလ ဖြစ်သည့် Technical Delay သတ်မှတ်ပြီးတော့မှ နောက်ထပ် ရက်သတ္တပတ် (၈)ပတ်ခန့်ထိ ရက်တိုးပြီးတော့မှ ဇွန်လ ၂၄ ရက်နေ့အထိ တိုးမြှင့်ကြိုးပမ်း ဆောင်ရွက်ခဲ့ပါတယ်။ နောက်ဆုံးမှာ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း တရားဝင် အကြောင်းကြားစာ ရရှိခဲ့သဖြင့် ရပ်တန့်ထားခဲ့ရခြင်းဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ အလားတူပင် ရခိုင်ပြည်နယ်တွင် သန်းခေါင်စာရင်းကောက်ယူရန် ကျန်ရှိသော စစ်တွေ၊ မြောက်ဦး နှင့်မောင်တော ခရိုင်ရှိ ဘင်္ဂါလီ လူမျိုးများအား သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးတို့မှ ရခိုင်ပြည်နယ်သို့ အကြိမ်ကြိမ်သွားရောက်ပြီးတော့မှ ဘင်္ဂါလီလူမျိုးစု အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ် ခဲ့ပါတယ်။

ထို့အပြင် ရန်ကုန်မှာရှိသော ဘင်္ဂါလီခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များကို အကြိမ်ကြိမ်တွေ့ဆုံ ညှိနှိုင်းမှုများလည်း ဆောင်ရွက်ခဲ့ပါတယ်။ တွေ့ဆုံညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင် နောက်ဆုံးအဆင့်ဖြင့် လူမျိုးအမည်ကို ချန်၍ ကျန်အချက်အလက်များဖြေကြားရန် ညှိနှိုင်းဆွေးနွေး ခဲ့ကြသော်လည်းပဲ လက်ခံမှုမရှိသဖြင့် ရက်တိုးကောက်ခံခဲ့သော နောက်ဆုံးရက်ဖြစ်သည့် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှာ ရပ်ဆိုင်းခဲ့ရကြောင်း တင်ပြအပ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနအနေဖြင့် သန်းခေါင်စာရင်းကောက်ယူရာမှာ ပြီးစီးမှု လက်ကျန် မည်မျှ မည်သည့် အတွက် ကျန်ခဲ့ရသည်ကို တရားဝင် ဖော်ပြကြေညာ၍ သန်းခေါင်စာရင်းလုပ်ငန်းစဉ် အဆုံးသတ်သွား မည်ဖြစ်ပြီး အခြားအရင်းအမြစ်မှ တတ်နိုင်သမျှ အချက်အလက်များကို အသုံးပြု၍ ကျန်ရှိခဲ့တဲ့ စာရင်းကို ခန့်မှန်းတွက်ချက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် တော်ကြီး များခင်ဗျား။ မေးခွန်း အပိုင်း(၄)နဲ့ပတ်သက်ပြီးတော့မှ သန်းခေါင်စာရင်းကောက်ယူရာမှာ အခြေခံ သတ်မှတ်ထားတဲ့ code ဖြင့် ကောက်ယူခဲ့သော တိုင်းရင်းသားမျိုးနွယ်စု တိုင်းရင်းသားလူမျိုး များလည်း အပြောင်းအလဲ ရှိနိုင်ပါတယ်။ ယင်းစာရင်းများကို စာရင်းဇယားပြုလုပ်ခြင်း လုပ်ငန်းမှ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများနှင့်ပတ်သက်၍ ထွက်ရှိလာသော စာရင်းများအရ လူမျိုးစုအမည်၊ သတ်ပုံသတ်ညွှန်းမှားနေခြင်း၊ လူမျိုးစုအမည်သစ် ထပ်မံတိုးလာခြင်းနှင့် တချို့မှာ ပျောက်ကွယ်သွားခြင်းများ အပေါ် မူတည်၍ တိုင်းရင်းသားလူမျိုးစုများထံမှ အကြံပြုချက် ၊ ပူးပေါင်းကူညီ ဆောင်ရွက်ချက်များ

ရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်သုံးသပ် ပြင်ဆင်သွားနိုင်ရေး အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယင်းလုပ်ငန်းစဉ်ပြီးမှသာ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများစာရင်း အပြောင်းအလဲရှိ/မရှိကို သိရှိနိုင်မည် ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့မှ မေးခွန်းအပိုင်း(၅)နဲ့ ပတ်သက်ပြီးတော့မှ ယခုအခါမှာ စာရင်းဇယားပြုစုခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှာ အိမ်ထောင်စုပေါင်း (၁၂)သန်းခန့်ရှိပြီးတော့မှ နိုင်ငံတစ်ဝန်း စာရင်းကောက်ကွက်ပေါင်း (၈၁၀၀၀) ဟာ လူ၊ လှည်း ၊ သမ္ဗာန်၊ မော်တော်ကား၊လေယာဉ် စသဖြင့် လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းများမှ ကောက်ကွက်များမှတစ်ဆင့် ရွာ၊ ၎င်းမှတစ်ဆင့် မြို့နယ်၊ ခရိုင်၊ တိုင်း၊ ဗဟိုရုံးချုပ်အဆင့်အထိ သယ်ယူရတဲ့လုပ်ငန်းပမာဏဟာ အလွန်ကြီးမားတဲ့ အတွက်ကြောင့်မို့ ကျွန်တော်တို့ ယခုနှစ်မေလကုန်မှသာ ဝန်ကြီးဌာနသို့ အစုံအလင် ရောက်ရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ စာရင်းကောက်များ၏ ရေးသွင်းထားသည့် စာရင်းကောက်ကွက်အလိုက် အိမ်ထောင်စု လူဦးရေစာရင်းချုပ်များကို ပြုစု၍ ရှေ့ပြေးလူဦးရေ စာရင်းဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ်လခန့်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ရုံးချုပ်ကို ရောက်ရှိလာတဲ့ မေးခွန်းပုံစံများကို Obtical Mark Recognition OMIS ကို တိုက်ရိုက်ထည့်သွင်းလျှင် စက်မှ ဖတ်၍ မရတဲ့အတွက်ကြောင့်မို့ စက်မှဖတ်နိုင်ရန်အတွက်ကို မေးခွန်းစာရွက် တစ်ရွက်ချင်းအား လူအင်အားဖြင့် နေ့/ည အဆိုင်းခွဲ၍ ပြန်လည် ပြင်ဆင်ရပါတယ်။ ပြင်ဆင်ပြီးတဲ့မေးခွန်းများကို OMIS (၈)လုံးဖြင့် ဖတ်ရမှာ ဖြစ်ပါတယ်။ လူအင်အားများပြားတဲ့ အိန္ဒိယနိုင်ငံတွေမှာလည်း လူသန်း(၅၀)မှာ စက်(၂)လုံးနှုန်းသာ အသုံးပြုခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ စက်(၈)လုံး အသုံးပြုထားကြောင်းလည်း တင်ပြအပ်ပါတယ်။ ၎င်းတို့ မသေချာတဲ့အချက်အလက်များကို ပြန်စစ်ရတဲ့ Key Correction လုပ်ငန်းကို (၉၀၀၀၀) ကျော်ခန့်သာ လုပ်ဆောင်နိုင်သည်ဖြစ်၍ အိမ်ထောင်စု (၁၂) သန်းအတွက် (၅)လကျော် (၆)လခန့် အချိန်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ၎င်းလုပ်ငန်းများပြီးဆုံးပါက Editing လို့ခေါ်တဲ့ တည်းဖြတ်ခြင်း လုပ်ငန်းအား ဆောင်ရွက်မည် ဖြစ်ပြီးတော့မှ ဇယားများတည်ဆောက်ခြင်းလုပ်ငန်း Tabulation လုပ်ငန်းကို ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါတယ်။ စာရင်းဇယားပြုစုခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလခန့်တွင် အပြီးဆောင်ရွက်နိုင်ရန် ခန့်မှန်းထားရှိပါတယ်။ ဆန်းစစ်လေ့လာခြင်းနှင့် ဇယားများတည်ဆောက်ခြင်း အခြေခံလူဦးရေ စာရင်းများထုတ်ပြန်ခြင်းကို ၂၀၁၅ ခုနှစ် ပထမ (၄)လပတ်အတွင်း ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ် ။ ကြိုတင်ဂဏန်းသင်္ကေတ ပေးထားသည့် လူမျိုးစာရင်းကို ၂၀၁၅ ခုနှစ် ပထမ (၄)လပတ်အတွင်းမှာ ရရှိနိုင်မည်ဖြစ်ပြီး ထပ်မံဖော်ပြထားတဲ့အတိုင်း အဆင့်ဆင့် ညှိနှိုင်းမှုပြုလုပ်ပြီးကာမှ ထုတ်ပြန်နိုင်မည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လူမျိုးကဏ္ဍ၊ လူမျိုးဂဏန်း သင်္ကေတမပါရှိသည့် အခြားအုပ်စုများကို ဂဏန်း သင်္ကေတတပ်ခြင်းလုပ်ငန်းအား၊ ဒုတိယလုပ်ငန်းစဉ် ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ၂၀၁၅ ခုနှစ် အောက်တိုဘာလခန့်မှ စတင်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းတွေပြီးမှသာလျှင် တိုင်းရင်းသားလူမျိုးစုကြီး (၈)မျိုးနှင့် မြို့နယ်စုများ အရေအတွက်နှင့် အမည်စာရင်း အသေးစိတ်ကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**မြောက်ဦးမြို့နယ်၊ ဘောင်းဒွတ်ကျေးရွာ အခြေခံပညာ မူလတန်း(လွန်) ကျောင်းဆောင်တစ်ဆောင် ပျက်စီးနေသဖြင့် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့မေးခွန်းများ ဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုးက မြောက်ဦးမြို့နယ် ဘောင်းဒွတ်ကျေးရွာ အခြေခံပညာ မူလတန်း(လွန်) ကျောင်းဆောင် (၁) ဆောင် ပျက်စီးနေသဖြင့် ကျောင်းဆောင်သစ်(၁)ဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဗိုလ်မှူးကြီးခင်စိုး(တပ်မတော်သားကိုယ်စားလှယ်)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် တက်ရောက်လာသော ကော်မရှင်အဖွဲ့ဝင်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း- ၁၆၆၀၁ ဗိုလ်မှူးကြီး ခင်စိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြောက်ဦးမြို့နယ် ဘောင်းဒွတ် မူလတန်း (လွန်)အခြေခံပညာကျောင်းဆောင်(၁)ဆောင် ပျက်စီးနေမှုနဲ့ ပတ်သက်ပြီးတော့ မေးမြန်းလိုပါတယ်။ ကျွန်တော်တို့ မြောက်ဦးမြို့နယ်၊ ဘောင်းဒွတ်ကျေးရွာ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်းဟာ ၁၉၆၄ ခုနှစ်မှာ (၂)ထပ်ကျောင်းဆောင်အဖြစ် စတင်ဆောက်လုပ်ပြီးတော့မှ သင်ကြားခဲ့ပါတယ်။ (၂)ထပ်ကျောင်းဆောင်ဟာ ၁၉၉၆ ခုနှစ်မှာ မူလတန်းလွန် အခြေခံပညာ မူလတန်းလွန်အဆင့် တိုးမြှင့်ပေးတဲ့အတွက်ကြောင့်မို့လို့ သူငယ်တန်းကနေ (၇)တန်းအထိ သင်ကြားခဲ့ရပါတယ်။

၁၉၉၈-၉၉ မှာတော့ ဒီ (၂) ထပ်ကျောင်းဆောင်ဟာ အဆောက်အဦတွေ ပျက်စီးလာတဲ့ အတွက်ကြောင့်မို့လို့၊ အန္တရာယ်ရှိတဲ့အတွက်ကြောင့်မို့လို့ (၁)ထပ် ပြန်လည်ပြင်ဆင်ပြီးတော့မှ (၁)ထပ်အနေနဲ့ကျွန်တော်တို့ စာသင်ဆောင်တစ်ဆောင်အနေနဲ့ပဲ ဆက်လက်ပြီးတော့ သင်ကြားခဲ့ ပါတယ်။ ၂၀၁၁ ခုနှစ်မှာတော့ နိုင်ငံတော်အစိုးရကနေပြီးတော့ ကျောင်းသားတွေများလာတဲ့အတွက် ကြောင့်မို့လို့ ပေ (၁၂၀)(၃၀) ကျောင်းဆောင် (၁)ဆောင် ထပ်မံပြီးတော့ တည်ဆောက်ပေးခဲ့ပါတယ်။ ကျောင်းဆောင်နှစ်ဆောင်နဲ့ ဆက်လက်ပြီးတော့ သင်ကြားခဲ့ပါတယ်။ ဒီလိုပညာ သင်ကြားနေရင်းနဲ့ ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာတော့ ၁၉၆၄ ခုနှစ်မှာ တစ်ထပ်အဖြစ် ပြန်လည်ဆောက် လုပ်ထားတဲ့ ကျောင်းဆောင်ဟာ ဒါ အမိုးတွေ၊ အကာတွေ၊ အခင်းတွေ ပျက်စီးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ အန္တရာယ်ရှိအဆောက်အဦ သတ်မှတ်ပြီးတော့မှ ကျွန်တော်တို့စာမသင်တော့ဘဲနဲ့ ဒီ ၂၀၁၁ ခုနှစ်မှာ ပေးထားတဲ့ (၁၂၀)(၃၀)ပေ အဆောင်မှာပဲ သင်ကြားခဲ့ရပါတယ်။ သင်ကြားတဲ့အခါမှာ

ယခင်တင်ပြချက်အရတော့ ကျောင်းသား(၄၇၀)ကျော် ရှိပြီးတော့ ယခုနှစ်မှာတော့ ပြန်လည် စိစစ်ချက် အရ ၂၀၁၄-၂၀၁၅ မှာတော့ ကျွန်တော်တို့ မူလတန်းကျောင်းသား၊ ကျောင်းသူ (၃၈၁)ဦးနဲ့ အလယ်တန်း၊ (၇)တန်းအထိ အလယ်တန်း ကျောင်းသား၊ ကျောင်းသူ (၂၄၈)ဦး စုစုပေါင်း (၆၂၉)ဦး ထွက်ရှိတဲ့ကျောင်းလို့ သိရပါတယ်။

ဒီကျောင်းကို ကျွန်တော်တို့ စာသင်ဆောင်တစ်ဆောင်တည်း ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်ဒီစာသင်ဆောင်ကို မနက်ပိုင်း သူငယ်တန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း အတန်း(၄)တန်းကို ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူ (၃၂၉)ဦးကိုတော့ မနက် (၇)နာရီကနေ နေ့လည်(၁၁)နာရီခွဲအထိ သင်ကြားပြီးတော့မှ (၇)တန်းအထိကိုတော့ နေ့လယ်ပိုင်း(၁၁)နာရီခွဲ ကနေ ညနေပိုင်း(၆)နာရီ အထိ (၂)ကြိမ်ခွဲပြီးတော့ သင်ကြားတယ်ဆိုတာ သိရပါတယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းတွေဟာ ကျောင်းသား၊ ကျောင်းသူတွေ များလာတဲ့အတွက်ကြောင့်မို့လို့ ဒီကျောင်းသား၊ ကျောင်းသူတွေအတွက် စာသင်တဲ့အချိန် နည်းပါးတယ်။ အစစအရာရာ အားနည်းချက်တွေ ဖြစ်ပေါ်လာတဲ့အတွက်ကြောင့်မို့လို့ ကျောင်းဆောင်သစ်တစ်ဆောင် မဖြစ်မနေလိုအပ်တဲ့ အနေအထားရှိဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ကျောင်းသား၊ ကျောင်းသူတွေ စာသင်ကြားဖို့ အဆင်ပြေစေဖို့အတွက်ကို ၎င်းတို့ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းအတွက် ကျောင်းဆောင်သစ် (၁)ဆောင် ဆောက်လုပ်ပေးဖို့အတွက်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မြောက်ဦးမြို့နယ် ဘောင်းဒွတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းလွန်ကျောင်း၏ ပုံ (ဆ)



မြောက်ဦးမြို့နယ် ဘောင်းဒွတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းလွန်ကျောင်း၏ ပုံ (ဆ-၁)



**တပ်မတော်သားများ၏ ပညာရေးဝန်ထမ်း ဇနီး၊ သားသမီးများအား အိမ်ထောင်ဦးစီး တပ်မတော်သားပြောင်းရွှေ့သော ပြည်နယ်/ တိုင်း ဒေသကြီးရှိမြို့နယ်များတွင် ခေတ္တယာယီတွဲထားခွင့်ပြုရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်းက တပ်မတော်သားများ၏ ပညာရေးဝန်ထမ်း ဇနီး၊ သားသမီးများအား အိမ်ထောင်ဦးစီး တပ်မတော်သား ပြောင်းရွှေ့သော ပြည်နယ်၊ တိုင်းဒေသကြီး ရှိမြို့နယ်များတွင် ခေတ္တယာယီ တွဲထားခွင့်ပြုရန် အစီအစဉ် ရှိ၊မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ဘူးသီးတောင်မြို့နယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ကျွန်တော်က ဒီမေးခွန်းကို မေးမြန်းရခြင်းရဲ့အကြောင်းအရင်းကတော့ ကျွန်တော့်မဲဆန္ဒနယ်မြေမှာရှိတဲ့ တပ်မတော်သား မိသားစုဝင်အချို့နဲ့ ကျွန်တော်၏ကိုယ်တွေ့များကို ပေါင်းစပ်ပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းကတော့ တပ်မတော်သားများ၏ ပညာရေးဝန်ထမ်းဇနီး၊ သားသမီးများအား အိမ်ထောင်ဦးစီးပါတပ်မတော်သား ပြောင်းရွှေ့သော ပြည်နယ်၊ တိုင်းဒေသကြီးများရှိ မြို့နယ်များသို့ယာယီတွဲထားခွင့် ကိစ္စပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတွက် သက်စွန့်ဆံဖျား စစ်မှုထမ်းနေကြသော တပ်မတော်သားများမှာ မိသားစုနဲ့အတူ နေထိုင်သော ပြည်နယ်/တိုင်းဒေသများမှ တခြားပြည်နယ်/ တိုင်းဒေသကြီးသို့ လုပ်ငန်းလိုအပ်ချက်အရ အခါအားလျော်စွာ ပြောင်းရွှေ့ကြတာတွေ့ရှိရပါတယ်။ ထိုသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသဖြင့် ပညာရေးဝန်ထမ်းဇနီးသားသမီး

မိသားစုမှာလည်း အိမ်ထောင်ဦးစီး တပ်မတော်သားများနဲ့အတူ လိုက်သွားရပြီး နယ်ကျော်ပြောင်းရွှေ့စာကို အဆင့်ဆင့် တင်ပြပြီး အခက်အခဲများစွာနဲ့ မိမိတို့၏လုပ်ငန်းတာဝန်ကိုပြောင်းရွှေ့ရပါတယ်။ ထပ်မံပြီးတော့ ပြောင်းရွှေ့စာတင်ရာမှာ အိမ်ထောင်ဦးစီးတပ်မတော်သားများမှာ မိမိ၏ဇနီး၊ သားသမီးတို့အတွက် ပြောင်းရွှေ့ရေးကိစ္စကို လုံးဝအချိန်မပေးနိုင်ကြသဖြင့် မိသားစုပညာရေးဝန်ထမ်းများမှာလည်း မိမိတို့၏ တင်ထားခဲ့သော လျှောက်လွှာများဘယ်အဆင့်အထိ ရောက်နေသည်ကို မသိကြသဖြင့် ၎င်းတို့ မူလနေရာသို့ပြန်လည်သွားလျှင်လည်း နေအိမ်မရှိ၊ ပြောင်းရွှေ့လာသည့်မြို့တွင်လည်း အမိန့်မရသဖြင့် အလွန်စိတ်ဆင်းရဲရပြီးတစ်ချို့မှာတော့ ကင်းကွာ၊ လစာမဲ့ခွင့်သတ်မှတ်ခံရသည်အထိ ရှိနေကြောင်း တပ်မတော်မိသားစု အချို့မှပြောကြား၍ သိရှိရပါတယ်။ တပ်မတော်သား အိမ်ထောင်ဦးစီးမှ တစ်နှစ်၊ နှစ်နှစ်အတွင်း လုပ်ငန်းလိုအပ်ချက်အရ လက်ရှိ ပြည်နယ်၊ တိုင်းဒေသကြီးများမှ ဝေးလံတဲ့ ပြည်နယ်၊ တိုင်းဒေသကြီးသို့ ပြောင်းရွှေ့သွားရာ မိသားစုဖြစ်သော ပညာရေးဝန်ထမ်းဇနီး၊ သားသမီးအနေဖြင့် လိုက်ပါသွားရပါတယ်။ လုပ်ငန်းပြောင်းရွှေ့ရန်အတွက် ဇနီး၊ သားသမီးများ သွားလာရာမှာ အလွန်ဝေးလွန်းသဖြင့် အိမ်ထောင်ဦးစီး တပ်မတော်သားများမှ မဆောင်ရွက်ဘဲ အလုပ်မဖြစ်ကြောင်း သိပါလျက်နဲ့ တိုင်းပြည်တာဝန်ကို တစ်နေ့လျှင်(၂၄)နာရီပတ်လုံး ထမ်းဆောင်နေရသည့်အတွက် လုပ်ငန်းပြောင်းရွှေ့ရေးကိစ္စကို မဆောင်ရွက်နိုင်ပါ၍ ကြန့်ကြာနေသဖြင့် ပညာရေးဝန်ထမ်း ၊ သူစိမ်းသားသမီးများအချို့မှာ စည်းကမ်း မချိုးဖောက်လိုဘဲနဲ့ စည်းကမ်း ဖောက်ဖျက်ရာရောက်လျက် ရှိနေပါတယ်။

ထို့အပြင် တပ်မတော်မိသားစုများမှာ အပြောင်းအရွှေ့များပြားသဖြင့် တစ်ခါတစ်ရံမှာ မူလပြည်နယ်/တိုင်းဒေသကြီးသို့ ပြန်လည်ရောက်ရှိတတ်ကြပါတယ်။ သူတို့အပြောင်းအရွှေ့များသော တပ်မတော်မိသားစုပညာရေးဝန်ထမ်းများက ပြောင်းရွှေ့ခွင့်များကို တစ်နိုင်ငံလုံးခြုံ၍ ဖန်တလဲလဲတင်ပြကြသဖြင့် သက်ဆိုင်ရာပညာရေးဝန်ထမ်းများကနေ အဆိုပါ ပြောင်းရွှေ့ခွင့်ကိစ္စကို မကြာခဏဆိုသလို ဆောင်ရွက်ပေးနေရသည့်အတွက် အလုပ်ပိုမိုများပြားစွာ လုပ်ကိုင်ဆောင်ရွက်ပေးနေရပါသဖြင့် နှစ်ဦးနှစ်ဖက်ပြေလည်စေရန်အတွက် တပ်မတော်သားများ၏ ပညာရေးဝန်ထမ်း၊ ဇနီးသားသမီးများကို ပြောင်းရွှေ့ခွင့်မလိုဘဲ ပြောင်းရွှေ့သွားသည့် ပြည်နယ်/တိုင်းဒေသကြီးရှိ မြို့နယ်များတွင် ခေတ္တယာယီ တွဲထားခွင့်ပြုပါက ပိုမိုသင့်လျော်မည်ဖြစ်ပါတယ်။ ထို့အပြင် တင်ပြပါ ကိစ္စများကို သက်ဆိုင်ရာမှ အလေးပေးစဉ်းစားသင့်ပါကြောင်း ထပ်လောင်းတင်ပြအပ်ပါတယ်။

ထို့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းလိုသည်မှာ တပ်မတော်သားများ၏ ပညာရေးဝန်ထမ်းဇနီး၊ သားသမီးများအား အိမ်ထောင်ဦးစီးတပ်မတော်သား ပြောင်းရွှေ့သော ပြည်နယ်/တိုင်းဒေသကြီးရှိ မြို့နယ်များတွင် ခေတ္တယာယီတွဲထားခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၈။**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစား ရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးကိုယ်စား ဒုတိယ ဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး နှစ်ဦးရဲ့ မေးခွန်းများကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ရခိုင်ပြည်နယ် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုးရဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဘောင်းဒွတ်ကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်းဆောင်(၁)ဆောင် ပျက်စီးနေမှုအား ကျောင်းဆောင်သစ် (၁)ဆောင် ထပ်မံဖြည့်ဆည်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်မှု လုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ ကျောင်းသားဦးရေအရ လိုအပ်ချက်ရှိတဲ့ကျောင်းအလိုက် မြို့နယ်ဦးစားပေး အစီအစဉ်အရ တန်းစီဇယားဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီသော်လည်းကောင်း၊ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တင်ပြလာတဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဘောင်းဒွတ်ကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်းအားကျောင်းဆောင်သစ်(၁)ဆောင်ဆောက်လုပ်ပေးရန်အတွက် ကျွန်တော်တို့ သတ်မှတ်ထားတဲ့ မူတွေကိုက်ညီတဲ့အတွက် လိုအပ်သော ရန်ပုံငွေကို ယခု ဘဏ္ဍာရေးနှစ် ၂၀၁၄-၂၀၁၅ (ဘဏ္ဍာရေးနှစ်) ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် (၉၀)ပေ၊ (၃၀)ပေ Reinforce concrete သံကူကွန်ကရစ် ကျောင်းဆောင်သစ်(၁)ထပ်ဆောင် ဆောက်လုပ်ရန်အတွက် ငွေကျပ်(၄၈.၆)သန်းကို ခွဲဝေပေးပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်းရဲ့ တပ်မတော်သားများရဲ့ ပညာရေးဝန်ထမ်း ဇနီး၊ သားသမီးများ အား အိမ်ထောင်ဦးစီး တပ်မတော်သား ပြောင်းရွှေ့သွားသော ပြည်နယ်၊ တိုင်းဒေသကြီးများရှိ မြို့နယ် များသို့ ခေတ္တယာယီ တွဲထားခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်း ဖြေကြား သွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနမှာ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍ ဆိုပြီး နှစ်ပိုင်းရှိပါတယ်။ ယခု တင်ပြမယ့် အပိုင်းကတော့ အဆင့်မြင့်ပညာကဏ္ဍကို အရင်တင်ပြပြီး ပြီးတော့မှ အခြေခံပညာ ကဏ္ဍကို ဆက်လက်တင်ပြသွားပါမယ်ခင်ဗျား။

ပညာရေးဝန်ကြီးဌာနမှာ တက္ကသိုလ်အတွင်း လုပ်ငန်းလိုအပ်ချက်အရ ပြောင်းရွှေ့နေရာ ချထားပေးဖို့အတွက်ဆိုရင် ဝန်ထမ်းအားလုံးအတွက် တရားမျှတမှုရှိရေး၊ ပွင့်လင်းမြင်သာမှုရှိရေးကို

အခြေခံ၍ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ တရားမျှတ၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရာတွင် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခွင့်ပြုရန် လျှောက်ထားလာသူများအားလုံးနှင့် ထိုသို့ ပြောင်းရွှေ့လာခြင်းအတွက် တက္ကသိုလ်များမှာ သင်ကြားပို့ချပေးမည့် ဆရာ၊ ဆရာမများ မရှိတော့ခြင်း မဖြစ်စေရန်၊ အစားထိုး ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသူများအားလုံးအတွက် ကျင့်သုံးတဲ့ ပြောင်းရွှေ့ရေး မူကို တစ်ပြေးညီ ချမှတ်ပြီးတော့ အားလုံးကိုအသိပေးပါတယ်။ အဲဒီအသိပေးထားတဲ့ မူအတိုင်း ပွင့်လင်းမြင်သာစွာနဲ့ သက်ဆိုင်ရာ ပါမောက္ခချုပ်များ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ပါတယ်။ အဲဒီလို ပါဝင်ဆောင်ရွက်ပြီးတဲ့ အချက်အလက်များအားလုံးကို ပြင်ပပညာရှင်များ ခွင့်ပြုပါခင်ဗျား။ ပြင်ပပညာရှင်များပါသော Third Party များဖြင့် ပြန်လည်စိစစ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျင့်သုံးလျက်ရှိတဲ့ ပြောင်းရွှေ့ရေးမူများမှာ သက်ဆိုင်ရာတာဝန်ကျတက္ကသိုလ်မှာ ရှည်ကြာတာဝန် ထမ်းဆောင်ရသောကာလကို ထည့်သွင်းစဉ်းစားသကဲ့သို့ ဝန်ထမ်းများ၏ ဇနီး၊ ခင်ပွန်းနှင့် ၎င်းတို့၏ သားသမီးများ ပညာသင်ကြားရေး အဆင်ပြေဆုံးဖြစ်စေရန်နှင့် အခြေအနေချင်းတူသူများအားလုံးကို တစ်ပြေးညီ အခွင့်အရေးပေးခြင်း၊ သင်ကြားမှုအစီအစဉ် မထိခိုက်စေရေးအတွက် အလေးထား ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါအပြင် တက္ကသိုလ် ဝန်ထမ်းများ ပြောင်းရွှေ့ခြင်းဆိုင်ရာကိစ္စများ စိစစ်ဆောင်ရွက်ခြင်းကို အထူးသဖြင့်တော့ ဗဟိုချုပ်ကိုင်မှု စနစ်နဲ့ ဆောင်ရွက်ခြင်း မပြုလုပ်တော့ပါဘူး။ တက္ကသိုလ်ပါမောက္ခချုပ် ဆရာ၊ ဆရာမများက ညှိနှိုင်းဆောင်ရွက်ခြင်းကြောင့်လည်းကောင်း၊ အဲဒီညှိနှိုင်းဆောင်ရွက်ချက်တွေကို သက်ဆိုင်ရာ ဆရာ၊ ဆရာမတွေကို ကျွန်တော်တို့ ချပြခြင်းဖြင့်လည်းကောင်း၊ တစ်နည်းအားဖြင့် ဆရာ၊ ဆရာမများ ကိုယ်တိုင်ဟာ ပြောင်းရွှေ့ရေးမူကို ကျေညက်စွာ သိရှိနားလည်နိုင်ခြင်းတို့ဖြင့်လည်းကောင်း ယခုအချိန်မှာဆိုရင်တော့ ပြောင်းရွှေ့ရေးမူ တွေ ဟာ အဆင်မပြေမှုများ တစ်ဖြည်းဖြည်း လျော့ပါးလာပြီ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဆင့်မြင့်ပညာကဏ္ဍမှာ တပ်မတော်သားအပါအဝင် နိုင်ငံ့ဝန်ထမ်းများ ပြောင်းရွှေ့ရာတွင် ၎င်းတို့ရဲ့ဇနီး၊ ခင်ပွန်း၊ သားသမီးများ လိုက်ပါပြောင်းရွှေ့ခြင်းကို အလေးထားစဉ်းစားပေးပြီးတော့ ဆောင်ရွက်စေမှုများကို မျှတမှု၊ ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့ အခြေခံပညာဦးစီးဌာနများမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ပညာရေးဝန်ထမ်းများရဲ့အပြောင်းအရွှေ့ကို တစ်နှစ်မှာ အနည်းဆုံး တစ်ကြိမ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ အပြောင်းအရွှေ့လျှောက်ထားသူများအတွက် သင်ကြား၊ သင်ယူမှုမထိခိုက်စေရန်အတွက် တစ်နေရာတည်းမှာ လုပ်သက်(၂)နှစ် ပြည့်ပြီးသူများကို လျှောက်ထားနိုင်ကြောင်းမူအားဖြင့်တော့ အကြမ်းဖျင်း သတ်မှတ်ထားပါတယ်။

တပ်မတော်သားဝန်ထမ်းများနဲ့ အခြားနိုင်ငံ့ဝန်ထမ်းများ၏ အိမ်ထောင်ဦးစီးများ ပြောင်းရွှေ့သွားတဲ့အခါ မှီခိုတဲ့ဝန်ထမ်းနဲ့ဇနီး သားသမီးများ လိုက်ပါပြောင်းရွှေ့လိုပါက နေရာလစ်လပ်မှု အပေါ်မူတည်ပြီးတော့ ဦးစားပေးပြောင်းရွှေ့ခြင်းများကိုလည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်။ အဲဒီအပြင် ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့သလိုပဲ ပြောင်းရွှေ့သွားတဲ့ အိမ်ထောင်ဦးစီးတာဝန်များရဲ့ ဇနီး၊ ဝန်ထမ်းများ၊ သားသမီးများ ၎င်းတို့နဲ့သင့်လျော်တဲ့ ကျောင်း၊ ရုံးများသို့

အခါအားလျော်စွာ တွဲဖက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၅)နာရီတွင် ရပ်နားပြီး (၁၁း၂၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ဖြည့်စွက်ချက် - အပိုဒ် ၂

၂။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(ဂ)၏ နောက်တွင် ပုဒ်မခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက် ရမည်-

(ဃ)ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်းဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၃

ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(ဃ)အား ပုဒ်မခွဲ(င)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာ့ကျောက်မျက် ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁:၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို သတ္တုနှင့် သယံဇာတရေးရာ ကော်မတီက ၁၄-၁၁-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ သတ္တုတွင်း ဝန်ကြီးဌာနကလည်း မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စု အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ရာ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ၉-၇-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါတယ်။

ယခု မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဦးတင်ယု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ ကိုယ်စား မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအား အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၃၁၈
ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ ဇူလိုင်လ ၂၄ ရက်

၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီက ၁၄ - ၁၁ -၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ သတ္တုတွင်းဝန်ကြီးဌာနကလည်း မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့်ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ရာ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ၉- ၇ -၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဥပဒေကြမ်း(၂)ရပ်ကို ပေါင်းစပ်ဆောင်ရွက်ပြီးမှသာ လွှတ်တော်သို့ တင်သွင်းရန် လမ်းညွှန်ခဲ့ ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်၏ရေမြေ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးမှုမရှိစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးနှင့် အဖိုးတန်သယံဇာတများဖြစ်သော ကျောက်မျက်ရတနာ ထုတ်လုပ်မှုများ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်စေရန် ဦးတည်ချက်များဖြင့် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို လေ့လာစိစစ်ခဲ့ပါသည်။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်၊ သတ္တုနှင့်သယံဇာတကော်မတီမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပပြီး ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ၁၉၉၅ ခုနှစ်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့နှင့် လိုက်လျော်ညီထွေမှုရှိစေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဖြစ်ထွန်းစေရန်၊ သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ လက်လုပ်လက်စား တစ်ပိုင်တစ်နိုင်မှစတင်၍ အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်းရှင်များ၏ ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်စေရန်၊ ကျောက်မျက် ရတနာများ တူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းမှ နိုင်ငံတော်အတွက် ရရှိမည့် ရတနာခွန်နှင့် အခကြေးငွေများ အပြည့်အဝရရှိစေရန် အစရှိသည့် ရည်ရွယ်ချက်များဖြင့် ပြင်ဆင်သည့် ဥပဒေကြမ်းများကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရတနာနယ်မြေ သတ်မှတ်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ နစ်နာမှုမရှိစေရန်၊ ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့ပေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုပ်ကွက်စိစစ်ချထားရေး အဖွဲ့များကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်စေရန်၊ ကျောက်မျက်ရတနာပြပွဲများကို စနစ်တကျ ကျင်းပနိုင်စေရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများကို ထိရောက်စွာ တိုးတက်ကောက်ခံနိုင်စေရေးအတွက် ရတနာအခွန်ကောက်ခံသော နှုန်းထားကို ပြင်ဆင်နိုင်ရန်၊ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို လက်တွေ့ဆောင်ရွက်ရာတွင် တန်ဖိုးဖြတ်သတ်မှတ်ရာ၌ ချို့ယွင်းချက်နှင့် အခက်အခဲများရှိသည့်အတွက် ကျောက်မျက်ရတနာ အရိုင်းတုံးမှစ၍ မှတ်ပုံတင်ထားရှိပြီး အချောအဆင့်ဖြစ်သည်အထိ မှတ်တမ်းထားရှိသောစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်စေရန်၊ ကျောက်မျက်ရတနာလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်နေသော ပြည်သူများ ပိုမိုပါဝင်နိုင်မှုရှိသော ဗဟိုကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်စေရန် အစရှိသော ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ချက်များ၊ အသစ်ဖြည့်စွက်ချက်များ ပြုလုပ်၍ အသေးစိတ်ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

၅။ ခွင့်ပြုမိန့်ရရှိသူအနေဖြင့် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေး ဘဝထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များ၊ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ရပ်ဆိုင်းသည့်အခါ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်ရာဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၏ (၂)ရာခိုင်နှုန်းထက် မနည်းသော ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိဆောင်ရွက်ပေးရမည့်

ပြဋ္ဌာန်းချက်များကိုလည်း အသစ်ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်းအစည်းအဝေးများတွင် သဘောတူညီမှု ရရှိခဲ့ကြပါသည်။

၆။ သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအနက် ပုဒ်မ ၂(ည) ၊ ပုဒ်မ၂ (ဠ)၊ ပုဒ်မ၂ (ပ)၊ ပုဒ်မ၂ (ဗ)၊ ပုဒ်မ ၁၅ - ဃ၊ ပုဒ်မ ၁၅-င(က)၊ ပုဒ်မ ၁၅-င(ခ)၊ ပုဒ်မ ၁၆(ဂ)၊ ပုဒ်မ၁၇(ဂ)၊ပုဒ်မ(၃)၊ ပုဒ်မ ၁၇(ဂ)(၅)၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ ၊ ပုဒ်မ ၂၃(က)နှင့် ပုဒ်မ ၃၄(ဇ) အစရှိသည့် ပုဒ်မ၊ ပုဒ်မခွဲပေါင်း (၁၄)ခုကိုလည်းကောင်း အခန်း(၈)အခန်းတစ်ခန်းလုံးနှင့် အခန်း(၉) အခန်းတစ်ခန်းလုံးတို့ကိုလည်းကောင်း ညှိနှိုင်းသဘောတူညီမှုမရနိုင်ပါသဖြင့် လွှတ်တော်၏ အဆုံးအဖြတ် ကိုခံယူလိုပါကြောင်း တင်ပြခဲ့ကြပါသည်။

၇။ ညှိနှိုင်းချက်များအရ သဘောတူညီခဲ့ကြသည့် အစားထိုးခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ခြင်း တို့နှင့် သတ္တုတွင်းဝန်ကြီးဌာနက လွှတ်တော်၏ အဆုံးအဖြတ်ရယူရန် တင်ပြချက်များကို အသေးစိတ် ကန့်လန့်ဖြတ် ဇယားနှင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၈။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတကော်မတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကျောက်မျက် လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများတို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ခဲ့ခြင်းသာ ဖြစ်ပါသဖြင့် အတည်ပြုနိုင်ပါရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြ အပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၈-၇-၂၀၁၄ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၄)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် (၃၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်(တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၁၁း၃၅ နာရီ အချိန်တွင် ရပ်နားပါသည်။]